ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၁၊ အမှတ် ၁၀ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်

## နိုင်ငံတော်အဆင့် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ။



နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိပြည်တွင်းအခွန်များ ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်မှ အဖွင့်အမှာ စကားပြောကြားစဉ်။

နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၈-၁-၂၀၂၆ ရက်နေ့၊ ၀၉:၃၀ နာရီအချိန်တွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်၍ ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကော်မတီဝင်များဖြစ်ကြသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြပါသည်။



နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသော ဌာနဆိုင်ရာအကြီးအကဲများမှ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပါဝင်သည့်ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးကြစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အဆင့် ပြတင်းတစ်ပေါက်စနစ်ကို ၂၀၂၈ ခုနှစ်တွင် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ရာ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတော် ပြတင်းတစ်ပေါက်စနစ် တည်ထောင်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေခွင့်ပြုချက်ရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပြီး စနစ်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နည်းပညာနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ စနစ်အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များတွင် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ပါဝင်သည့်ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ပြည့်ဝစွာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ကော်မတီအတွင်းရေးမှူး အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်အဆင့် ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပါသည်။ ထို့နောက် ကော်မတီ၊ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အဆင့် ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းစဉ်များကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများအားလည်းကောင်း၊ ကော်မတီ၊ ဒုတိယဥက္ကဋ္ဌ (၂) ဒုတိယဝန်ကြီး ဦးမင်းမင်းက ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက် Article (10.4) နှင့်အညီ ဆောင်ရွက်နေမှု အခြေအနေများ၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊



နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသော ဌာနဆိုင်ရာအကြီးအကဲများမှ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြစဉ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က ငွေကြေး၊ ဘဏ်လုပ်ငန်းနှင့် ကုန်သွယ်မှုအတွက် ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊ သက်ဆိုင်ရာဌာနများမှ ကော်မတီအဖွဲ့ဝင်များက ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်များ မှန်ကန်မှုနှင့် လုံခြုံမှုရှိရေးဆိုင်ရာကိစ္စရပ်များ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ စနစ်အကောင်အထည်ဖော်ရေးတွင် ကုမ္ပဏီများပါဝင်ဆောင်ရွက်လာခြင်း ဖြင့်ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာနိုင်မှုအခြေအနေများ၊ အဓိကပို့ကုန်/သွင်းကုန်များဖြစ်ကြသော စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းထွက်ကုန်များ ဆိုင်ရာပိုးမွှားကင်းစင်ရေးဆိုင်ရာကိစ္စရပ်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှု စသည်တို့နှင့်စပ်လျဉ်း၍ နည်းပညာအသုံးပြု ဆောင်ရွက်နေသည့် ကိစ္စရပ်များအား ဆွေးနွေးတင်ပြခဲ့ကြပါသည်။ ထို့နောက်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ပြတင်း တစ်ပေါက်စနစ်သည် ကုန်စည်ကုန်သွယ်မှုများကို လွယ်ကူမြန်ဆန်ချောမွေ့စွာနည်းပညာ အသုံးပြုဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပြီး အာဆီယံပြတင်းတစ်ပေါက်စနစ်နှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်၍ သတ်မှတ်ချိန်အတွင်း ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း စနစ်အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များကို လိုက်ပါဆောင်ရွက်သူများအား အသိပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးပြီး ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အစည်းအဝေးဆုံးဖြတ်ချက်များအနေဖြင့် ချမှတ်ခဲ့ကြပါသည်။

# ၂၀၂၆ ခုနှစ် ၊ (၃၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားကျင်းပ။



၂၀၂၆ခုနှစ် ၊ (၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်း က အဖွင့်အမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟာခန်းမ၌ ၁၀:၀၀ နာရီမှ ၁၁:၂၀ နာရီအထိ ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်း က ဦးဆောင်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လက်အောက်ရှိ ဌာန/အဖွဲ့အစည်းများမှ ဌာနအကြီးအကဲများ၊ အကောက်ခွန် ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/ အမှုထမ်းများ၊ ဆုရရှိသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းသား/သမီးများ စုစုပေါင်းအင်အား(၁၃၅) ဦး တက်ရောက်ခဲ့ကြပါသည်။




၂၀၂၆ ခုနှစ် ၊ (၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားတွင် မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးစဉ်။

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း က အဖွင့်အမှာစကား ပြောကြားပြီးနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင် က အမှာစကားဆက်လက်ပြောကြားခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ က အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပါသည်။ အကောက်ခွန်ဦးစီးဌာနဝန်ထမ်းများမှ လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့သူများ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူများ၊ ဌာနခွဲအလိုက် ဝန်ထမ်းစွမ်းဆောင်ရည်ဆုရရှိသူများ၊ အိမ်ရာသန့်ရှင်းရေး ဆုရရှိသူများ၊ (၁၀)ကြိမ်အထက် နှင့် (၅)ကြိမ်အထက် သွေးလှူဒါန်းသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသော ဝန်ထမ်းများ၏ သား/သမီးများ၊ သင်တန်းများ၌ ထူးချွန်ဆုရရှိသူ များအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်ထွန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ နှင့် အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ တို့က ချီးကျူးဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းတင်ဆုများ ချီးမြှင့် ပေးအပ်ခဲ့ပါသည်။





အကောက်ခွန်ဦးစီးဌာန၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဆိုင်ရာမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားစဉ်။

၂၆-၁-၂၀၂၆ ရက်နေ့၊ ၁၃:၂၀ နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ သင်တန်းကျောင်း၌ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဆိုင်ရာမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားအား ကျင်းပခဲ့ပါသည်။ အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနား၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဆိုင်ရာမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) အား ၂၆-၁-၂၀၂၆ မှ ၆-၂-၂၀၂၆ ရက်နေ့အထိ ရက်သတ္တပတ် (၂) ပတ်ကြာ နေ့စဉ် (၀၉:၀၀) နာရီမှ (၁၆:၄၀) နာရီအထိ အကောက်ခွန်ဦးစီးဌာန၊ ဌာနခွဲ (၁၂) ခုမှ သင်တန်းသား/သင်တန်းသူ (၆၀) ဦးတို့ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ပြီး HS သမိုင်းကြောင်းများ၊ HS ဖွဲ့စည်းတည်ဆောက်ပုံ၊ ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုချက်များ (GIRs)၊ HS Chapter (1 to 97) ရှိ အပိုင်း၊ အခန်း၊ ခေါင်းစဉ်၊ ခေါင်းစဉ်ခွဲများအား အခန်းအလိုက် ဆွေးနွေးပို့ချခြင်းနှင့် ဆန်းစစ်စာမေးပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။




အကောက်ခွန်ဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနား အထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ်၊ မင်းကွန်းတောရ ကျောင်းတိုက် ၌ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနားအထိမ်းအမှတ်အဖြစ် ၂၆-၁-၂၀၂၆ ရက်နေ့၊ ၀၅:၃၀ နာရီအချိန်တွင် ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ သံဃာတော် (၁၁)ပါးနှင့် သီလရှင် (၈၅)ပါးတို့အား ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဝင်း ဦးဆောင်၍ဝန်ထမ်း (၃၆) ဦးဖြင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

# (၃၅)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အထိမ်းအမှတ်အဖြစ် အကောက်ခွန်ဦးစီးဌာန၊ ဝန်ထမ်းမိသားစု စုပေါင်းသွေးလှူဒါန်းစဉ်။



အကောက်ခွန်ဦးစီးဌာန၊ (၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနား အထိမ်းအမှတ်အဖြစ် အမှတ်(၂) တပ်မတော် စစ်ဆေးရုံ ကုတင် (၅၀၀) ၌ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစု စုပေါင်းသွေးဒါန်းစဉ်။



၁၆-၁-၂၀၂၆ ရက်နေ့တွင် အမှတ်(၂) တပ်မတော်စစ်ဆေးရုံ ကုတင်(၅၀၀)၌ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစု (၃၁) ဦး တို့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်းပွဲအား ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲမှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

# မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး ရနောင်း-ရန်ကုန် နှင့် ကော့သောင်း-ရန်ကုန်လမ်းကြောင်းတို့ဖြင့် ကုန်ပစ္စည်းများ တင်သွင်းခြင်းနှင့် ကုန်ပစ္စည်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် ရေယာဉ်များ ဆိပ်ကမ်းများတွင် ဆိုက်ကပ်ခြင်း၊ ကုန်ချလုပ်ငန်းများလွယ်ကူချောမွေ့စေရေးတို့အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ။




ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးမှ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ကုန်ပစ္စည်းများတင်သွင်းတင်ပို့မှုနှင့် စစ်ဆေးမှုများဆောင်ရွက်ရာတွင် လုပ်ငန်းများလွယ်ကူ အဆင်ပြေချောမွေ့စေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာန၊ ၅-၁-၂၀၂၆ ရက်နေ့ ၁၃:၃၀ နာရီအချိန်တွင် ဇေယျာသီဟာအစည်းအဝေးခန်းမ၌ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးမှ ဦးဆောင်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ဆိပ်ကမ်းတာဝန်ခံများနှင့် သဘော်ကိုယ်စားလှယ်များတို့ဖြင့်မြန်မာ-ထိုင်း နယ်စပ် ကုန်သွယ်ရေး ရနောင်း-ရန်ကုန်နှင့် ကော့သောင်း-ရန်ကုန်လမ်းကြောင်းတို့ဖြင့် ကုန်ပစ္စည်းများတင်သွင်းခြင်းနှင့် ကုန်ပစ္စည်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် ရေယာဉ်များဆိပ်ကမ်းများတွင် ဆိုက်ကပ်ခြင်း၊ ကုန်ချလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးတို့အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ကျင်းပခဲ့ပြီး အစည်းအဝေးအား ၁၈:၀၀နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၊ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အကောင်အထည်ဖော်ရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့၏၁/၂၀၂၆ ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ။



နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီအောက်ရှိ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးဆိုင်ရာနည်းပညာလုပ်ငန်းအဖွဲ့၏၁/၂၀၂၆ ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှအမှာစကားပြောကြားစဉ်။

နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီအောက်ရှိ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အကောင်အထည်ဖော်ရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့၏ ၁/၂၀၂၆ ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်၊ နံနက် ၀၉:၃၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ နည်းပညာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး နည်းပညာလုပ်ငန်းအဖွဲ့ဝင်ဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်မှ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်သည် ကုန်ပစ္စည်းရှင်းလင်းထုတ်ယူခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များတွင် အချိန်နှင့်ကုန်ကျစရိတ်များသက်သာစေခြင်း၊ ကုန်သွယ်မှုကဏ္ဍကို နိုင်ငံတကာစံနှုန်းနှင့်အညီ နည်းပညာသုံးစွဲ၍အဆင့်မြင့် ဆောင်ရွက်နိုင်ခြင်း၊ ဌာနဆိုင်ရာလုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူပြီး တစ်ပြေးညီဖြစ်စေခြင်း၊ စာရွက်စာတမ်းတင်ပြရာတွင် အချိန်ကုန်သက်သာမှုရှိခြင်း၊ ဝန်ထမ်းနှင့်လုပ်ငန်းရှင်များအကြား လူချင်းတွေ့ဆုံရမှုများကို လျှော့ချနိုင်ခြင်းစသော အကျိုးကျေးဇူးများကိုရရှိနိုင်ပါကြောင်း၊



နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီအောက်ရှိ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးဆိုင်ရာနည်းပညာလုပ်ငန်းအဖွဲ့၏ ၁/၂၀၂၄ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွဲ့ဝင်ဌာနတစ်ခုချင်းအလိုက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြစဉ်။

ဦးဆောင်ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များနှင့်အညီ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်ကို၂၀၂၈ခုနှစ်တွင် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ နည်းပညာကုမ္ပဏီများနှင့် ဆွေးနွေး၍ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ နည်းပညာလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူး၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးက နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် Single Window Road Map in Five Evolutionary Stages များအကြောင်းရှင်းလင်းတင်ပြခြင်း၊ Web-Based Portal စနစ်ချိတ်ဆက်ဆောင်ရွက်သွားမည့် Conceptual Model ပုံစံအား အသေးစိတ်ရှင်းလင်းတင်ပြခြင်းနှင့် ပြည်တွင်း/ ပြည်ပ နည်းပညာကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် နည်းပညာလုပ်ငန်းအဖွဲ့၊ ဥက္ကဋ္ဌ၊ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရာတွင် ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းစီမံချက်များဆောင်ရွက်ထားစေလိုကြောင်း၊ ဌာနတွင်းနည်းပညာအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းရန်လိုအပ်ကြောင်း၊ လာမည့်အစည်းအဝေးများတွင်လည်း အဖွဲ့ဝင်ဌာန တစ်ခုချင်းအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရမည်ဖြစ်ကြောင်း၊ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်တတ်မြောက်သည့်သူများနှင့် အသေးစိတ်ဆွေးနွေးပေးစေလိုကြောင်း၊ သက်ဆိုင်ရာဌာနများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

# ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့ကြသည့် ဂျပန်စစ်သည်များ၏ အရိုးများ ကွင်းဆင်းကောက်ယူမည့် ဂျပန်နိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတွင်တွေ့ဆုံဆွေးနွေးခြင်း။




**ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့ကြသည့် ဂျပန်စစ်သည်များ၏ အရိုးများ ကွင်းဆင်းကောက်ယူမည့် ဂျပန်နိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများတွေ့ဆုံဆွေးနွေးစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ ၂၆-၁-၂၀၂၆ ရက်နေ့ ၁၅:၀၀ နာရီအချိန်တွင် ကာကွယ်ရေးအစည်းအဝေးခန်းမ၌ ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့်လူမှုဝန်ထမ်းဝန်ကြီးဌာနမှ ကျွမ်းကျင်သူ Mr. Furukawa Kazuchika ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ (၁၁) ဦး သည် မန္တလေးတိုင်းဒေသကြီးအတွင်း ဂျပန်စစ်သည်များ၏ အရိုးများအား ကွင်းဆင်းကောက်ယူ၍ တူးဖော်ရရှိသည့် အရိုးနမူနာများအား ဂျပန်နိုင်ငံသို့ ပြန်လည်သယ်ဆောင်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့ကြသည့် ဂျပန်စစ်သည်များ၏အရိုးများ ကွင်းဆင်းကောက်ယူမည့် အခြေအနေများ၊ အရိုးနမူနာများ သယ်ဆောင်မည့် လုပ်ငန်းစဉ်များအားဂျပန်ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာအကောက်ခွန်တို့အကြား ဆွေးနွေးပြောကြားခဲ့ပါသည်။

# အိန္ဒိယနိုင်ငံ၊နယူးဒေလီမြို့တွင် (၁၀) ကြိမ်မြောက် ဒေသတွင်းအကောက်ခွန်ဥပဒေစိုးမိုးရေးဆိုင်ရာ အစည်းအဝေး တက်ရောက်ခဲ့စဉ်။




**အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၀) ကြိမ်မြောက် ဒေသတွင်းအကောက်ခွန်ဥပဒေစိုးမိုးရေးဆိုင်ရာ အစည်းအဝေး (10TH Regional Customs Enforcement Meeting) သို့ တက်ရောက်ခဲ့မှု မှတ်တမ်းတင်ဓာတ်ပုံ။**

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော (၁၀) ကြိမ်မြောက် ဒေသတွင်းအကောက်ခွန်ဥပဒေစိုးမိုးရေးဆိုင်ရာ အစည်းအဝေး (10th Regional Customs Enforcement Meeting) သို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်ထူး တို့ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ် (၂) ဦး အပါအဝင် ထိုင်းနိုင်ငံ၊ ကင်ညာနိုင်ငံ၊ မောယီးရှပ်နိုင်ငံ၊ နီပေါနိုင်ငံ၊ ဟောင်ကောင်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘူတန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့မှ စုစုပေါင်းကိုယ်စားလှယ် (၃၈) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

# MCBA မှ ဦးဆောင်ဖွင့်လှစ်သော အကောက်ခွန်ဝန်ဆောင်မှု သင်တန်း အမှတ်စဉ် (၄၂) ဖွင့်လှစ်ကျင်းပ။



MCBA မှ ဦးဆောင်ဖွင့်လှစ်သော အကောက်ခွန်ဝန်ဆောင်မှု သင်တန်း အမှတ်စဉ် (၄၂)တွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသင်ခန်းစာအား အကောက်ခွန်ဦးစီးဌာန မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုဝေနှင်းက သင်တန်းပို့ချစဉ်။

MCBA မှဦးဆောင်ဖွင့်လှစ်သော "အကောက်ခွန်ဝန်ဆောင်မှု သင်တန်းအမှတ်စဉ် (၄၂) ကို သင်တန်းသား အကောက်ခွန်ဝန်ဆောင်မှုဆောင်ရွက်သူ (၁၄၀) ဦး ဖြင့် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၉-၂-၂၀၂၆ ရက်နေ့ အထိ Prime Hill Business Square ၊ ရန်ကုန်မြို့၌ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းသို့ ကာကွယ်ရေးဌာနခွဲမှ ကပ-၂၆၇၃ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုဝေနှင်းသည် မူပိုင်ခွင့် အမျိုးအစားများကို နားလည်စေရန်၊ တီထွင်ဖန်တီးသူများ၏ အခွင့်အရေးများကို ကာကွယ်စေနိုင်ရန်နှင့် မူပိုင်ခွင့်ချိုးဖောက်မှုများကို လျှော့ချကာ တရားမျှတသော စီးပွားရေးပတ်ဝန်းကျင်ကို ဖန်တီးနိုင်စေရန် ရည်ရွယ်၍ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် ဆိုင်ရာသင်ခန်းစာအား နည်းပြအဖြစ် ၂၀-၁-၂၀၂၆ ရက်နေ့ ၁၁း၀၀ နာရီအချိန်မှ ၁၅း၀၀ နာရီအချိန်အထိ သွားရောက်ပို့ချခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ကုန်သေတ္တာ/ အလုံပိတ်ယာဉ်များ သယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် Logistics Surveillance System - E-Lock သင်တန်း ဖွင့်လှစ်ကျင်းပ။





နယ်ရုံးများကြီးကြပ်ရေးဌာနခွဲမှ ကုန်သေတ္တာ/ အလုံပိတ်ယာဉ်များ သယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် Logistics Surveillance System - E-Lock သင်တန်းအား ၆-၁-၂၀၂၆ နံနက် ၀၈:၀၀ နာရီမှ ၀၉:၃၀ နာရီအချိန်ထိ အကောက်ခွန်သင်တန်းကျောင်း(စတုတ္ထထပ်)တွင် ဌာနခွဲများမှ သင်တန်းသား (၃၀) ဦး၊ Virtual Meeting ဖြင့် နယ်မြေရုံးများမှ သင်တန်းသား (၃၁) ဦး၊ စုစုပေါင်းသင်တန်းသား (၆၁) ဦးဖြင့် E-Lock နှင့် Handheld Detector များ စနစ်တကျကိုင်တွယ်အသုံးပြုနိုင်ရေးအတွက် ဒုတိယညွှန်ကြားရေးမှူး မှ ဦးဆောင်၍ ဦးစီးအရာရှိ ဦးကျော်လင်းအောင်နှင့် Tah Moe Hyne Group Investment & Development Co.,Ltd ၏ Operation Manager ဦးပြည်ကျော်တို့မှ သင်ခန်းစာများနှင့်လက်တွေ့သရုပ်ပြသင်ကြားပို့ချခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ စက်ပုံရိပ်ဖတ်နည်းပညာသင်တန်းဖွင့်လှစ်ကျင်းပ။



အကောက်ခွန်ဦးစီးဌာန၊ စက်ပုံရိပ်ဖတ်နည်းပညာသင်တန်း တွင် X-Ray စက်ကိုင်တွယ် အသုံးပြုပုံအား စာတွေ့လက်တွေ့သင်တန်းပို့ချစဉ်။

အကောက်ခွန်ဦးစီးဌာန၊ ၂၃-၁-၂၀၂၆ ရက်နေ့တွင် X-Ray စက်ကိုင်တွယ်အသုံးပြုရသည့် ကာကွယ်ရေးဌာနခွဲမှ အမှုထမ်းများ၏ အရည်အချင်းများ ပိုမိုတိုးတက်မြင့်မားစေရန်နှင့် X-Rayစက်အား ပိုမိုကျွမ်းကျင်စွာအသုံးပြုနိုင်စေရန် ရည်ရွယ်၍" စက်ပုံရိပ်ဖတ်နည်းပညာသင်တန်း" ၀၈း၀၀ နာရီ အချိန်မှ ၁၂း၀၀ နာရီ အချိန်အထိ ကာကွယ်ရေးဌာနခွဲမှ အမှုထမ်း(၃၀)ဦးဖြင့် ဖွင့်လှစ်သင်ကြားပို့ချခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၅၀၆.၅၂၁ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက် လျက်ရှိရာ ဇန်နဝါရီလ (၁) ရက် မှ (၃၁) ရက် အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု ( ၂၁၈ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၅၀၆.၅၂၁ ) သန်း ဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု





၁၆-၁၂-၂၀၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၏ အနီးကပ်ကြပ်မတ်မှုဖြင့် ရန်ကုန်တိုင်း ရေယာဉ်များကြပ်မတ်စစ်ဆေးရေး အဖွဲ့မှ Mother ဆိပ်ကမ်းတွင် ကော့သောင်းမြို့ မှ ရန်ကုန်သို့ ၁၆-၁၂-၂၀၂၅ ရက်နေ့တွင် ဆိုက်ကပ်ခဲ့သော MV. Law Pan – 5 ရေယာဉ်အား စစ်ဆေးခဲ့ရာ စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် RE-FRIGERATOR (1DOOR) (90-LITER) MODEL-(BC-40B/40G/41G/41R/30R/50J)(BRAND-SAMSONIC) REFRIGERANT -R-600A,220-V,240-V/50HZ),727U,C/O-NotFound စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်(၇၀,၇၇၇,၈၁၂/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၅၀၆.၅၂၁ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၁၇-၁-၂၀၂၆ ရက်နေ့ ၁၀း၀၀ နာရီ အချိန်ခန့်တွင် တရုတ်နိုင်ငံသားခရီးသည် Gao Jun (PP.EP611206)သည် China Southern Airline၊ လေယာဉ်ခရီးစဉ်အမှတ် CZ-3055/SF-638 ဖြင့် တရုတ်နိုင်ငံကွမ်ကျိုးမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ အိတ်များအား Air Side ရှိ X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ် မသင်္ကာသဖြင့် Arrival Exit–A အကောက်ခွန် စစ်ဆေးရေးကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ စစ်ဖက်ရေးရာ လုံခြုံရေးတပ်ဖွဲ့(လေ)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့နှင့် (YACL)တို့ ပူးပေါင်းပါဝင်သောအဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာတင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Brand-Ven Den Lens Protector Redmi A5 Pro(1 Boxx50 Pcs), C/O-China,40Box,အပါ ကုန်ပစ္စည်း(၉)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၁၅,၈၀၀,၀၀၀/-)ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ်
## ( ၁၂၅၀၆.၅၂၁ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု**








၃၀-၁၂-၂၀၂၅ ရက်နေ့ ၀၈:၀၀ နာရီ အချိန်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင် ကုန်စည်များ တင်သွင်း/တင်ပို့မှု မရှိစေရေး အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများသည် ကင်းလှည့်စစ်ဆေးစဉ် စစ်ကိုင်းမှ မန္တလေးသို့အဝင် ရှမ်းလေးကျွန်းထောင့် DENKO ဆီဆိုင်အနီး၌ စစ်ကိုင်းမှ မန္တလေးသို့ မောင်းနှင်လာသော NISSAN CONDOR CM85G TRUCK (4x2) (R), Model-1984, (C/O-Japan) (6W) အမျိုးအစား၊ယာဉ်အမှတ်- N/6776, 1U, ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Active Speaker, Brand-81,Model-ETO-K22, (1x1U),7Ctn,C/O-Not Found,7U, အပါ ကုန်ပစ္စည်း (၁၂) မျိုး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၁,၃၂၇,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၅၀၆.၅၂၁ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု**




၁၇-၁-၂၀၂၆ ရက်နေ့ ဝ၁:၃ဝ အချိန်ခန့်တွင် ပဲခူးတိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့မှ ရန်ကုန်-မော်လမြိုင်ပြည်ထောင်စုလမ်းမကြီး၊ စစ်တောင်းတံတားအဆင်း၊ လမ်းမကြီးဘေးတွင်တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များရပ်တန့်နေကြောင်းပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ၏ သတင်းချပြချက်အရ သွားရောက်စစ်ဆေးရာ ၆ ဘီး မော်တော်ယာဉ် (၁၈) စီး အား စစ်ဆေးတွေ့ရှိသဖြင့် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ မောင်းနှင်ယူဆောင်လာခဲ့ပြီး ၁၈-၁-၂၀၂၆ ရက်နေ့တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်းတာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာ တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် MEDICINE - Pre and Probiotic Chewable Tablets (10 x 10Tablets ) x 75 Box, Brand - Gutcare Pro, C/O– India, 125 Ctn အပါ ဆေးဝါးပစ္စည်း (၂)မျိုး၊စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်(၃၉၁,၅ဝဝ,ဝဝဝ/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၅၀၆.၅၂၁ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ထူးခြားဖမ်းဆီးမှု**




၁၇-၁-၂၀၂၆ ရက်နေ့ ၀၁:၃၀ အချိန်ခန့်တွင် ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့မှ ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုလမ်းမကြီး၊ စစ်တောင်းတံတားအဆင်း လမ်းမကြီးဘေးတွင် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များရပ်တန့်နေကြောင်း ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ၏ သတင်းချပြချက်အရ သွားရောက်စစ်ဆေးရာ ၆ ဘီး မော်တော်ယာဉ် (၁၈) စီးအား စစ်ဆေးတွေ့ရှိသဖြင့် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ မောင်းနှင်ယူဆောင်လာခဲ့ပြီး ၁၈-၁-၂၀၂၆ ရက်နေ့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာ တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် Tizine Syrup (60ml x 144Pcs), C/O – Thai, 24 Pkg အပါဆေးဝါး(၈)မျိုး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၄,၄၇၈,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ အတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၅၀၆.၅၂၁ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု







၈-၁-၂၀၂၆ ရက်နေ့ ၁၅:၀၀ အချိန်ခန့်တွင် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့သွားမည့် မော်တော်ယာဉ်အမှတ်၊7J/9754(12W) ယာဉ်အား ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း X-Ray ဖြင့် ဖြတ်သန်းစစ်ဆေးစေခဲ့ရာ ပစ္စည်းများ၏ပုံရိပ်သည် မသင်္ကာဖွယ်ရာတွေ့ရှိရသဖြင့် တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာ ရာဘာထင်းများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်တင်သွင်းခွင့် အထောက်အထားစာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ကွမ်းစားဆေး (JAGMAG Tobacco 1192) (50gx12),CO-India, 600 Ctn နှင့် ကွမ်းစားဆေး (Shikhar GUTKHA) (60 x 1), CO-India- 3800 Ctn, စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၉၀,၀၀၀,၀၀၀/-)ဖြင့် အမှုတွဲဖွင့်လုစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလ အတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၅၀၆.၅၂၁ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု



၂၇-၁-၂၀၂၆ ရက်နေ့ ၈:၄၅ နာရီ အချိန် ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် WIN MIN THAN (PP.No–MG910695) သည် Thai Air Asia Airline၊ လေယာဉ်ခရီးစဉ်အမှတ် FD-251/SF-1028 ဖြင့် ထိုင်းနိုင်ငံ Don Mueang မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ အိတ်များအား Air Side ရှိ X-Ray စက်ဖြင့် ဖြတ်သန်း စစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် Arrival Exit–A အကောက်ခွန် စစ်ဆေးရေးကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ စစ်ဖက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ (လေ)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နှင်းရေးရဲတပ်ဖွဲ့၊လေကြောင်းရဲတပ်ဖွဲ့နှင့် (YACL)တို့ ပူးပေါင်းပါဝင်သောအဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် HP Probook 440 G8,MDL-TL0560, i7 11 Gen 16 GB, C/O-China, (အားသွင်းကြိုးပါ), 17 U, အပါ ကုန်ပစ္စည်း (၄) မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၇၉,၁၀၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလ အတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၅၀၆.၅၂၁ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု







၁၅-၁-၂၀၂၆ ရက်နေ့ ၁၇:၃၀ နာရီအချိန် ခန့်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြစ်ကြီးနားခရိုင်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့သည် ဗလမင်းထင်တံတား ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဗလမင်းထင်တံတားထိပ် (ဝိုင်းမော်ဘက်ခြမ်း)၌ ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များအား ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်ဘက် မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသော မော်တော်ယာဉ်အမှတ်၊ 7K-3571တပ်ဆင်ထားသောမော်တော်ယာဉ်အားစစ်ဆေးရာယာဉ်ပေါ်၌ တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်ထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ မောင်းနှင်စေခဲ့ပြီး ခရိုင်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့တွင် ပါဝင်သော ဌာနဆိုင်ရာပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် အသေးစိတ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Brand- STARLINK, Dish / Model – UTA -231, P/N – 04150000 -514-A, S/N – M1HT02943935QPS, S/N – M1HT02944673X22, S/N – M1HT029449534T8, S/N – M1HT 02944- 350X5V, C/O USA, 5U, စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၀,၈၀၀,၀၀၀/-) ဖြင့် အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။